myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

COMMERCE

April 5, 2019 Volume 18, Number 5

၅.၄.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၉၁ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၄၂၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၀၆/ကျပ် |
| CBM Rate | = ၁၅၀၆/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၉၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၂.၃ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၆၉.၈ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၇၂.၇ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၄.၁၉ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၇၅၀ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၂.၃၅ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၈.၄၄ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၂၂၅ကျပ် |

Source: CBM Rate, SFJ Journal

## တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်တင်ပို့နိုင်ရေးအတွက် နှစ်နိုင်ငံစာချုပ်ပါ အချက်အလက်များနှင့်အညီဆောင်ရွက်နိုင်ရေးဆွေးနွေး

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်တင်ပို့နိုင်ရေး လုပ်ငန်းများကို စီစဉ်ဆောင်ရွက်လျက်ရှိရာ နှစ်နိုင်ငံလက်မှတ် ရေးထိုးထားသည့် စာချုပ်ပါ အချက်အလက်များအား စနစ်တကျ ဆောင်ရွက်နိုင်ရေး တို့အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်၊ မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်တို့မှ တာဝန်ရှိသူများ၏ တွေ့ဆုံ ဆွေးနွေးပွဲအား (၃.၄.၂၀၁၉) ရက်နေ့တွင် အသင်းချုပ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် စာချုပ်အရ တရုတ်နိုင်ငံသို့ တင်ပို့မည့် ဆန်များအား ကြိတ်ခွဲခြင်း၊ သိုလှောင်ခြင်း၊ တင်ပို့ခြင်းဆောင်ရွက်မည့် ကုမ္ပဏီများ ကို နှစ်စဉ် စိစစ်ရွေးချယ်တင်ပြရမည် ဖြစ်ပါသောကြောင့် သတ်မှတ်ထားသည့် စံချိန်စံညွှန်းအရည်အသွေးများ ပြည့်မီသည့် ဆန်စက်/သိုလှောင်ရုံများကို စိစစ်စစ်ဆေး တင်ပြနိုင်ရေးအတွက် မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်အား တာဝန်ပေးအပ် နိုင်ရေး၊ စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ပူးပေါင်းကူညီ ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြပါသည်။

Source:www. SFJ Strategy First Journal

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

## တရုတ်နိုင်ငံသို့ တရားဝင်ဆန်ရောင်းမည့်ကုမ္ပဏီများ ဆန်စက် သိုလှောင်ရုံ အရည်အသွေးစစ်ဆေးရန် ဆန်စပါးအသင်းချုပ် ထုတ်ပြန်

တရုတ်နိုင်ငံသို့ အစိုးရချင်း သဘောတူညီမှုဖြင့် ဆန်တင်ပို့လိုသော ကုမ္ပဏီများကို ဆန်စက်နှင့် သိုလှောင်ရုံများ အရည်အသွေးစစ်ဆေးပေးရန် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်(MRF) က စီစဉ်နေသည်။

တရုတ်အစိုးရက မြန်မာဆန် တရားဝင်ဝယ်ယူရာတွင် သီးနှံအရည်အသွေး၊ ပိုးမွှားကင်းစင်ရေးအပြင် ဆန်စက်နှင့် သိုလှောင်ရုံများ အရည်အသွေးကို စစ်ဆေးသည်။ ယခင်တရုတ်အစိုးရ စစ်ဆေးသူများ၏ ထောက်ခံချက်ကို မြန်မာနိုင်ငံမှ Gold Deltal ၊ ရောဟသ်ာစသော ကုမ္ပဏီအပါအဝင်ကုမ္ပဏီ ၁၁ ခုမှ ဆန်တန်ချိန်တစ်သိန်း ဝယ်ယူခဲ့သည်။

လက်ရှိတွင် တရုတ်နိုင်ငံသို့ အစိုးရချင်း သဘောတူညီမှုဖြင့် တရားဝင် ဆန်တင်ပို့ရန် ကုမ္ပဏီ ၁၁ ခုအပြင် အခြားကုမ္ပဏီများ ပါဝင်နိုင်ရေး စစ်ဆေးမှုများ

ကြိုတင်ပြုလုပ်နိုင်ရန် MRF က ကြေညာချက် ထုတ်ပြန်သည်။ "သတ်မှတ်ချက်တွေ အစစ်ခံရလို့ အောင်မြင်ရင် ပို့ခွင့်ရမယ်၊ မအောင်မြင်ရင်ပို့ခွင့်ရမှာ မဟုတ်ဘူး"ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးက ပြောသည်။

စစ်ဆေးမှုများကို မြန်မာနိုင်ငံမှ မြန်မာ့ကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်က ဆောင်ရွက်ရမည်ဖြစ်သည်။ အဆိုပါ အဖွဲ့သည် စီးပွားကူးသန်းဝန်ကြီးဌာနအောက်တွင်ရှိနေပြီး အစိုးရက တစ်စိတ်တစ်ပိုင်း ပါဝင်သော အဖွဲ့အစည်း ဖြစ်သည်။ အုပ်ချုပ်မှုဒါရိုက်တာက ယခင်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့် ဖြစ်သည်။

တရုတ်နိုင်ငံသို့ တင်ပို့မည့် ဆန်နှင့် ဆန်ကွဲကို ကြားအဖွဲ့အစည်းဖြစ်သော မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်က စစ်ဆေးပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ထောက်ခံချက် ထုတ်ပေးမည်ဖြစ်သည်။ ထိုကဲ့သို့ ထောက်ခံချက်ရရှိမှသာ တရားဝင် တင်ပို့ခွင့်ရချိန်တွင် ဆန်နှင့် ဆန်ကွဲကို တရုတ်နိုင်ငံသို့ ရောင်းချနိုင်မည် ဖြစ်သည်။

လက်ရှိတွင် နယ်စပ်မှတင်ပို့မှု ပိတ်မိနေခြင်းကြောင့် အစိုးရချင်း သဘောတူညီမှုဖြင့် တရုတ်နိုင်ငံကို ဆန်တန်ချိန် လေးသိန်း ရောင်းချရန် စီစဉ်နေသည်။

**Source:**http://7daydaily.com/story/153783

## အိန္ဒိယက ပဲတင်သွင်းခွင့်ပြုသည့်သတင်းကြောင့် ပြည်တွင်းဈေးကွက်၌ ရက်ပိုင်းအတွင်း ပဲဈေးဆက်တိုက်မြင့်တက်

အိန္ဒိယက ပဲတင်သွင်းခွင့်ပြုသည့်သတင်းကြောင့် ပြည်တွင်းဈေးကွက်၌ ရက်ပိုင်းအတွင်း ပဲဈေး ဆက်တိုက်မြင့်တက်နေပြီး မတ်ပဲတစ်တန်လျှင် ကျပ်ခုနစ်သိန်းခွဲဝန်း ကျင်အထိ ဈေးရှိလာကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ သိရသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှရရှိသော စာရင်းများအရ ဧပြီ ၁ ရက်က မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၇၄၀၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၈၈၅၀၀၀ ဈေးရှိခဲ့သည်။ ဧပြီ ၃ ရက်တွင် မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၇၅၄၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၈၉၄၀၀၀ အထိ ဈေးတက်လာပြီး ဧပြီ ၄ ရက်တွင် မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၇၅၀၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၈၉၅၀၀၀ ဈေးရှိခဲ့သည်။

အိန္ဒိယနိုင်ငံက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ပဲမျိုးစုံ တန်ချိန်ငါးသိန်း တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံက မတ်ပဲတန်ချိန်တစ်သိန်းခွဲ တင်သွင်းခွင့်ရရှိမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းအတွင်းရေးမှူး ဦးမင်းကိုဦးက ပြောကြားသည်။

ပြီးခဲ့သည့် မတ် ၁ ရက်က မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၆၅၀၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၇၇၅၀၀၀၊ ဖေဖော်ဝါရီ ၁ ရက်က မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၅၇၀၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၇၂၀၀၀၀ ဈေးရှိခဲ့သည်။

၂၀၁၉ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ပဲဈေးများမှာ ဇန်နဝါရီ ၉ ရက်က မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၇၂၂၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၈၈၅၀၀၀ အထိ ဈေးရှိခဲ့ပြီး ဖေဖော်ဝါရီ ၈ ရက်တွင် မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၆၁၈၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၇၄၈၀၀၀ အထိ ပဲဈေးကျဆင်းခဲ့သည်။ မတ် ၈ ရက်တွင် မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၆၉၄၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၈၃၄၀၀၀ အထိ ဈေးအသီးသီး ဖြစ်ပေါ်ခဲ့သည်။

**Source:** https://news-eleven.com/article/96741

## အာဆီယံနိုင်ငံများထုတ်လုပ်မှု PMI ညွှန်းကိန်း၏ အဆင့် ၁ နေရာတွင် မြန်မာနိုင်ငံ နှစ်လဆက်တိုက် ရပ်တည်နိုင်ခဲ့ပြီး ဝယ်လိုအားကောင်းမွန်လာမှုကြောင့် မြန်မာစက်မှုကုန်ထုတ်လုပ်ငန်းများ တိုးတက်နှုန်းမြင့်မားနေ




ထုတ်လုပ်မှု PMI ညွှန်းကိန်း (Manufacturing Purchasing Manager’s Index –ဝယ်ယူရေး မန်နေဂျာများ၏ အညွှန်းကိန်း) တွင် ခုနစ်နိုင်ငံ အနက် မြန်မာနိုင်ငံက ထိပ်ဆုံးနေရာတွင် နှစ်လ ဆက်တိုက် ရပ်တည်နိုင်ခဲ့ပြီး ဝယ်လိုအား ကောင်းမွန်မှုကြောင့် မြန်မာစက်မှု ကုန်ထုတ် လုပ်ငန်းများ ခိုင်မာသောနှုန်းဖြင့် ဆက်လက် တိုးတက်လာကြောင်း Nikkei ၏ ပံ့ပိုးမှုဖြင့် ပြုလုပ်သော HIS Markit စစ်တမ်းတွင် ဖော်ပြချက်အရ သိရသည်။

၂၀၁၉ ခုနှစ် မတ်လ အာဆီယံထုတ်လုပ်မှု PMI ညွှန်းကိန်းတွင် မြန်မာနိုင်ငံက ၅၂ ဒသမ ၄၊ ဗီယက်နမ်နိုင်ငံက ၅၁ ဒသမ ၉၊ ဖိလစ်ပိုင်နိုင်ငံက ၅၁ ဒသမ ၅၊ အင်ဒိုနီးရှားနိုင်ငံက ၅၁ ဒသမ ၂၊ ထိုင်းနိုင်ငံက ၅၀ ဒသမ ၃၊ စင်ကာပူနိုင်ငံက ၄၇ ဒသမ ၇၊ မလေးရှားနိုင်ငံက ၄၇ ဒသမ ၂ ရရှိခဲ့သည်။ အဆိုပါစာရင်းတွင် မြန်မာနိုင်ငံသည် အောက်ဆုံးအဆင့်၌ ၂၀၁၈ ခုနှစ် ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ သုံးလဆက်တိုက်ရောက်ရှိခဲ့ပြီး နိုဝင်ဘာမှ စတင်ကာ အဆင့် ၃ နေရာ၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီမှစတင်ကာ အဆင့် ၁ နေရာသို့ မြင့်တက်ခဲ့ခြင်းဖြစ်ကာ မတ်လတွင်လည်း ယင်းနေရာတွင် ဆက်လက်ရပ်တည်ခဲ့သည်။

၂၀၁၈ ခုနှစ် မတ်၊ ဧပြီ အာဆီယံနိုင်ငံများထုတ်လုပ်မှု PMI ညွှန်းကိန်းတွင် နှစ်လဆက်တိုက် ထိပ်ဆုံး၌ ရပ်တည်ခဲ့သော မြန်မာနိုင်ငံသည် စီးပွားရေးအရှိန်ပျော့လာခြင်းကြောင့် မေတွင် အဆင့် ၄၊ ဇွန်တွင် အဆင့် ၆၊ ဇူလိုင်လမှစတင်ကာ စက်တင်ဘာလ အထိ အဆင့် ၇၊ အောက်တိုဘာတွင် အဆင့် ၆၊ နိုဝင်ဘာ၊ ဒီဇင်ဘာနှင့် ဇန်နဝါရီတွင် အဆင့် ၃ နေရာသို့ရောက်ရှိခဲ့ကာ ဖေဖော်ဝါရီနှင့် မတ်တွင် အဆင့် ၁ နေရာသို့ ပြန်ရောက်လာခြင်းဖြစ်သည်။

ယခုစစ်တမ်းတွင် ပါဝင်သော နိုင်ငံပေါင်းခုနစ်နိုင်ငံအနက် ငါးနိုင်ငံမှာ မတ်လအတွင်း ကုန်ထုတ်လုပ်ရေးအခြေအနေများ တိုးတက်လာသော်လည်း ကျန်နိုင်ငံများမှာ ကုန်ထုတ်လုပ်ရေးကဏ္ဍ အခြေအနေများ နှေးကွေးကျဆင်းနေကြောင်း အချက်ပြနေသည်။ မြန်မာနိုင်ငံသည် ငွေကြေးဖောင်းပွမှု ဖိအားများ အားပျော့လာခဲ့၍ ကုန်ထုတ်လုပ်မှုကဏ္ဍမှာ အောက်တိုဘာလ၏ ကျဆင်းမှုမှနေပြီး ပြန်လည်ဦးမော့ လာနိုင်ခဲ့ခြင်းဖြင့် လေးလမြောက်တွင် ထိပ်ဆုံးနေရာသို့ ပြန်လည်တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။

မတ်လဒေတာမှ မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်ရေးကဏ္ဍတစ်ဝန်း လုပ်ငန်းလည်ပတ်မှု အခြေအနေ အသင့်အတင့် တိုးတက်မှုရှိလာကြောင်း အချက်ပြခဲ့ပြီး အညွှန်းကိန်းသည် ဖေဖော်ဝါရီလကထက် မသိမသာနိမ့်ကျသွားခဲ့သော်လည်း မြင့်မားသည့်နှုန်းထား ဖြစ်နေဆဲဖြစ်သည်။ ဘက်စုံတိုးတက်မှုကို ထုတ်လုပ်မှု၊ အော်ဒါသစ်များနှင့် အလုပ်နေရာများ ဆက်လက်ဦးမော့နေခြင်းက ပံ့ပိုးပေးခဲ့သည်။ ကုမ္ပဏီများက ထုတ်လုပ်ရေး လိုအပ်ချက်များ မြင့်တက်လာကြောင်း အစီရင်ခံလာခဲ့သဖြင့် အလုပ်နေရာသစ်ဖန်တီးမှုနှုန်းမှာ ၁၂ လအတွင်း အမြင့်ဆုံးဖြစ်ခဲ့သည်။

လက်ရှိတိုးတက်မှုဖြစ်စဉ်သည် ငါးလဆက်တိုက်ဖြစ်လာပြီး တိုးတက်မှုနှုန်းခိုင်မာဆဲ ဖြစ်သည်။ ဈေးဝယ်များလက်မှ ဝယ်လိုအားကောင်းလာပြီး အလုပ်သစ်များဆက် လက်တိုးလာခဲ့ခြင်းကြောင့် ထုတ်လုပ်မှုတိုး လာရေးကို ပံ့ပိုးပေးနိုင်ခဲ့ကြောင်း ပါဝင်ဖြေကြားသူတို့က ဆိုသည်။ အော်ဒါသစ်များသည် မတ်လတွင်ပိုတိုးခဲ့ပြီး ကုန်ထုတ်

လုပ်ရေးကုမ္ပဏီများက အလုပ်သစ်များဦးမော့လာမှုသည် မြန်မာနိုင်ငံတစ်ဝန်းမှ ဝယ်လိုအား အခြေအနေများ ကောင်းလာမှုကြောင့် ဖြစ်သည်ဟု ထောက်ပြကြသည်။

**Source:** https://news-eleven.com/article/96736

## ရခိုင်ပြည်နယ် တိုက်ပွဲများကြောင့် ဘင်္ဂလားဒေ့ရှ်သို့ ကုန်စည်တင်ပို့မှု နှေးကွေး

ရခိုင်ပြည်နယ်ရှိ မြို့နယ်အချို့တွင် တိုက်ပွဲဖြစ်ပွားခြင်းကြောင့် ကုန်စည်စီးဆင်းမှု ယခင်ထက်လျော့နည်းနေပြီး မောင်တောနယ်စပ်မှ ဘင်္ဂလားဒေ့ရှ်သို့ ကုန်စည်တင်ပို့မှုလည်း နှေးကွေးနေကြောင်း ကုန်သွယ်သူအချို့က ပြောသည်။ လက်ရှိမောင်တောနယ်စပ်မှ ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့နေသည့် ပို့ကုန်အများစုသည် သံတွဲဘက်မှ ထွက်ရှိသည့် ငါးခြောက်များနှင့် ရန်ကုန်မှတစ်ဆင့်ဝင်လာသည့် ကုန်များဖြစ်၍ ယင်းကုန်စည်စီးဆင်းရာ လမ်းကြောင်းများတွင် တိုက်ပွဲမကြာခဏဖြစ်ပွားနေသဖြင့် ပုံမှန်စီးဆင်းမှုမရှိကြောင်း ကုန်သွယ်သူ ဦးသိန်းမောင်က ပြောသည်။"လမ်းကြောင်းကို စိုးရိမ်ပြီးတော့ ကုန်ကားတွေက ပုံမှန်မလာရဲကြဘူး။ တည်ငြိမ်မှုအခြေအနေကို ကြည့်ပြီးတော့လာကြတယ်။ ကုန်ပစ္စည်း အမှာသမားတွေလည်း အဲဒီလိုပါပဲ" ဟု ၎င်းက ဆိုသည်။

မောင်တောနယ်စပ် ကုန်သွယ်ရေးသည် ၂၀၁၆ နယ်ခြားစောင့်ရဲစခန်းများကို တိုက်ခိုက်ခံခဲ့ရသည့်အချိန်ကစ၍ ပို့ကုန်အချို့ကို မတင်ပို့နိုင်ကြောင်း နယ်စပ်ကုန်သွယ်ရေးစခန်းမှ တာဝန် ရှိသူတစ်ဦးက ပြောသည်။ "အဓိက ငါးတွေတင်ပို့မှုမရှိသလောက် လျော့သွားတယ်။ တိုက်ပွဲတွေကြောင့် တောတောင်တွေကိုသွားပြီး ငါးမခုတ်ရဲကြဘူးပေါ့" ဟု အထက်ပါတာဝန်ရှိသူက ဆိုသည်။ သို့သော် ကုန်သွယ်မှုများ ပုံမှန်လည်ပတ်ရေး ကြိုးစားနေကြောင်း ကုန်သွယ်သူ အများစုက ပြောသည်။

**Source:** http://7daydaily.com/story/153773

## မတ်ပဲနှင့်ပဲစင်းငုံဈေး ဆက်တိုက်မြင့်တက်

အိန္ဒိယနိုင်ငံက ပဲတင်သွင်းမည့်ခွဲတမ်းကြေညာချက် ထွက်ပေါ်လာပြီးနောက် ပြည်တွင်းဈေးကွက်တွင် မတ်ပဲ၊ ပဲစင်းငုံ ဝယ်လိုအားပြန်လည်မြင့်တက်လာသည်။ အထွက်နှုန်းလျော့နည်းပြီး သိုလှောင်လိုသူများ ဝယ်လိုအား ပြန်လည်မြင့် တက်ခြင်း၊ အိန္ဒိယကုန်သည်များက ဝယ်ယူရန် ပြင်ဆင်ခြင်းများကြောင့် ပြည်တွင်းဈေးကွက်၌ မတ်ပဲနှင့် ပဲစင်းငုံဈေး ပြန်လည်မြင့်တက်စေကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်း အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။ "ဝယ်လိုအား များလာလို့ ဈေးကတက်လာတဲ့သဘောပါ" ဟု ဦးမင်းကိုဦးက ပြောသည်။

လက်ရှိ ဧပြီလဆန်းရက်များတွင် ပြည်တွင်းဈေးကွက်၌ မတ်ပဲတစ်တန် ကျပ်ခုနစ်သောင်းခွဲ၊ ပဲစင်းငုံတစ်တန် ကျပ်ကိုးသောင်းခန့် ဈေးတက်လာကြောင်း ဘုရင့်နောင်မှ ပဲကုန်သည်တစ်ဦးက ပြောသည်။ ပြည်တွင်းဈေးကွက်တွင် မတ်ပဲတစ်တန် ကျပ်ခြောက်သိန်းရှစ်သောင်းမှ ကျပ်ခုနစ်သိန်းခွဲ၊ ပဲစင်းငုံတစ်တန်လျှင် ကျပ်ခုနစ်သိန်းလေးသောင်းမှ ကျပ်ရှစ်သိန်းသုံးသောင်းအထိ ဈေးတက်ခြင်း ဖြစ်သည်။

ပဲတင်သွင်းခွင့် နှစ်လကြာ ပိတ်ထားသော အိန္ဒိယအစိုးရသည် မတ်လ ၂၉ ရက်က ပြည်ပမှ ပဲတင်သွင်းရန် ကြေညာချက် ထုတ်ပြန်ပြီးနောက် မြန်မာနိုင်ငံ၌ မတ်ပဲနှင့် ပဲစင်းငုံဈေးနှုန်း ပြန်လည်မြင့်တက်လာသည်။ ၂၀၁၉ ဧပြီ ၁ ရက်တွင် စတင်မည့် ဘဏ္ဍာနှစ်အတွက် ပြည်ပမှ မတ်ပဲနှင့် ပဲတီစိမ်းတန်ချိန် တစ်သိန်းခွဲနှင့် ပဲစင်းငုံတန်ချိန် နှစ်သိန်းတင်သွင်းမည်ဟု အိန္ဒိယအစိုးရက ကြေညာချက် ထုတ်ပြန်သည်။

အိန္ဒိယအစိုးရ၏ ပြည်ပမှ ပဲတင်သွင်းမည့် အစီအစဉ်ကို စောင့်မျှော်နေသော ပြည်တွင်းပဲ ကုန်သည်များက ၂၀၁၈ နှင့် တန်ချိန် ပမာဏတူနေခြင်းကို အားရမှုမရှိကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ ပဲကုန်သည်တစ်ဦးက ပြောကြားသည်။

**Source:** http://7daydaily.com/story/153785

## ပန်းကျားမျိုးမြန်မာ နှင်းဆီများနှင့် တရုတ်ပန်းများ ဈေးကွက်အေးနေ

ယခုနှစ်ဆန်းပိုင်းမှစ၍ ရန်ကုန်ဈေးကွက်သို့ ဝင်ရောက်လာသော ပြည်တွင်း၌ စိုက်ပျိုးသည့် ပန်းကျားမျိုး နှင်းဆီများကို လူကြိုက်များသော်လည်း လတ်တလောတွင် ဝယ်လိုအားနည်းပါးသဖြင့် အရှုံးခံရောင်းချနေရကာ မြန်မာပန်းများသာမက တရုတ်ပန်းများပါ ဈေးကွက်အေးနေကြောင်း သီရိမင်္ဂလာဈေးမြန်မာ၊ တရုတ်ပန်းဈေးတန်းရှိ လက်လီ လက်ကားရောင်းချသူများထံမှ သိရသည်။

အဆိုပါနှင်းဆီများကို မန္တလေးမြို့၌ ကိုင်းကူး မျိုးစပ်ကာ စိုက်ပျိုးခဲ့ပြီး ဇန်နဝါရီလ မှစ၍ တောင်ကြီးမြို့ ဈေးကွက်သို့ ဖြန့်ချီခဲ့သည်။ စတင်ရောင်းချချိန်က ၁၀ ပွင့်ကို ငွေကျပ် ၁၀၀၀ ဝန်းကျင်ရှိသော်လည်း လတ်တလောတွင် ငွေကျပ် ၄၀၀ မှ ၆၀၀ ဝန်းကျင် အထိ ဈေးချ ရောင်းနေရသည်။ "ကျွန်တော့်နှင်းဆီရောင်စုံတွေက ဈေးကွက် ထဲဝင်လာတာ သုံးနှစ်လောက်ရှိပြီ။ နှင်းဆီ ကျားနှုတ်ခမ်းတွန့်က လိုချင်တဲ့ အရောင်ကို ကိုင်းကူးလို့ရတယ်။ အဲဒီပန်းတွေက အရင်က ဆိုရင် ဖောက်သည်ပေးရုံပဲ။ အခုက ဈေးကွက်အေးတော့ ဈေးချရောင်းနေရတယ်။ အခုချိန်မှာ ပန်းဈေးတွေ ထိုးကျနေတော့ ရောင်းချသူတွေ အခက်အခဲဖြစ်နေတယ်" ဟု နှင်းဆီ လက်လီလက်ကား ရောင်းချသူ ကိုကျော်ဦးက ပြောသည်။

ယခုအခါ မြန်မာပန်းများ ဈေးကွက်အေး နေသည့်အပြင် လူကြိုက်များကာ အရောင်း သွက်ခဲ့သည့် တရုတ်နိုင်ငံမှ ပန်းများလည်း အရောင်းအဝယ် အေးနေကြောင်း သိရသည်။ "တန်ခူးလဆန်းကတည်းက ဈေးကွက်မကောင်းဘူး။ တရုတ်ကဝင်လာတဲ့ ပန်းဈေးနဲ့ ဒီမှာ ပြန်ရောင်းရင် ဈေးမကိုက် ဘူး။ အရင် တုန်းက ပန်းစည်းကြီးပြီးတော့ ပြန်ခွဲရောင်းရတာကိုက်တယ်။ အခု အစည်းကသေးတော့ အဆင်မပြေဘူး" ဟု တရုတ်ပန်းလက်လီ လက်ကားရောင်းချသူ ကိုရဲကပြောသည်။

လတ်တလောတွင် တရုတ်နိုင်ငံမှ ကာနေးရှင်း၊ ဒေလီယာ၊ ကျူးလစ်၊ ကျားပါးစပ်၊ ချစ်သူမြတ် စသည့်ပန်းများ ဝင်ရောက် နေပြီး တစ်စည်းလျှင် ငွေကျပ် ၃၅၀၀ဖြင့် ရောင်းချနေကြောင်း၊ မြန်မာ ပန်းများသည် နေပြည်တော်၊ ပြင်ဦးလွင်၊ တောင်ကြီး၊ ရွှေတောင်၊ မော်ဘီ၊ တိုက်ကြီး၊ ရောဝတီ တိုင်းဒေသကြီး ဘိုကလေးမြို့နယ်နှင့် မြောင်းမြမြို့နယ်တို့မှ ဝင်ရောက်လျက်ရှိ ကာ ပန်းမျိုးစုံကို အရှုံးခံ ရောင်းချနေရ ကြောင်း သိရသည်။

**Source:** http://myawady.net.mm/index.php/business/item/42333-

## ဧပြီလ ၁ ရက်နေ့မှစတင်ကာ ကားတင်သွင်းခွင့်လိုင်စင်တွင် စာလုံးပေါင်းသတ်ပုံများသည့် Amend ပြင်ဆင်ခွင့်ကိုသာ ပြင်ဆင်ခွင့်ပြု

၂၀၁၉ ဧပြီလတစ်ရက်နေ့မှ စတင်ကာ ပြည်ပမှ မော်တော်ယာဉ် တင်သွင်းခွင့် လျှောက်ထားသည့် လိုင်စင်များတွင် Amendပြင်ဆင်မှုအတွက် စာလုံးပေါင်းသတ်ပုံမှားခြင်းကိုသာ ပြင်ဆင်ခွင့်ပြုတော့မည် ဖြစ်ကြောင်းမော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏ သတင်းထုတ်ပြန်ချက်အရသိရသည်။

မော်တော်ယာဉ် တင်သွင်းခွင့်လိုင်စင်ပါ အချက်အလက်များအနက် စာလုံးပေါင်းသတ်ပုံမှားခြင်းကိုသာ Amend လုပ်ခွင့်ပြုတော့ခြင်းကြောင့် အခြားသောမှားယွင်းမှုများဖြစ်ကြသည့် ဈေးနှုန်းပြောင်းလဲခြင်း၊ မော်တော်ယာဉ် အမျိုးအစားပြောင်းလဲခြင်း၊ Model Year ပြောင်းလဲပြင်ဆင်ခြင်းတို့ကိုဆောင်ရွက်လိုပါက သွင်းကုန်လိုင်စင် အပ်နှံ၍ နှစ်အလိုက်သတ်မှတ်ထားသည့် Model Year အတိုင်းလျှောက်ထားရမည်ဖြစ်ကြောင်းသိရသည်။ "စာလုံးပေါင်းမှားတာလောက်ပဲ ပြင်ဆင်ခွင့်ပေးတော့ တော်တော်လေးအဆင်မပြေဘူး။ တကယ်လို့ ဟိုဘက်ကပို့လိုက်တဲ့ အချက်အလက်တွေ မှားရင်လည်း ဒီဘက်မှာမှားနိုင်တာပဲ၊ နောက်ပြီးအခေါ်အဝေါ်မတူလို့ ကားအမျိုးအစား မတူတာမျိုးဖြစ်ရင်လည်း အခက်အခဲဖြစ်လာနိုင်တယ်။ ဥပမာ- ဒီကိုတစ်ခါမှ မသွင်းရသေးတဲ့ Brand အသစ်တွေဆိုရင် အဲ့တာမျိုးတွေ ဖြစ်နိုင်တယ်" ဟု ကားလုပ်ငန်းရှင် တစ်ဦးကသုံးသပ်ပြောကြားခဲ့သည်။

လက်ရှိ မြန်မာနိုင်ငံတွင် ပြည်ပမှ မော်တော်ယာဉ် တင်သွင်းမှု အလွန်နည်းပါးလာခဲ့ပြီး မော်ဒယ်မြင့်ကားများကိုသာတင်သွင်းခွင့်ပြုတော့ခြင်းကြောင့် ယခု ၂၀၁၉ ခုနှစ်တွင် ၆၀% လောက်အထိကားတင်သွင်းမှု လျော့ကျလာနိုင်ကြောင်း ပြည်တွင်းကားဈေးကွက်မှ သုံးသပ်နေကြသည်။

**Source:**http://www.logisticsguide.com.mm/en/industry-news/export-import-

## ရက် ၉၀ ဆန်ကို အခြေခံသတ်မှတ်ဈေးဖြင့်ဝယ်ယူဖို့ ဆန်စပါးကုန်သည်အသင်းစီစဉ်

အခြေခံသတ်မှတ်ဈေးဖြင့် ရက်၉၀ဆန်ကို ဝယ်ယူပေးဖို့ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်အသင်း စီစဉ်နေတယ်လို့ သိရပါတယ်။ ပြည်တွင်း စိုက်ပျိုးထုတ်လုပ်မှုများခဲ့သည့် ရက် ၉၀ ဆန်ကို ဝယ်ယူမှုနည်းနေပြီး ဈေးကွက်စောင့်ကြည့်မှု

တွေများနေတာကြောင့် အသင်းမှအခြေခံ သတ်မှတ်ဈေးထားပြီး ဝယ်ယူပေးဖို့ လုပ်ဆောင်နေတာဖြစ်တယ်လို့ အသင်း ဥက္ကဋ္ဌဦးအောင်သန်းဦးက ပြောဆိုထားတာဖြစ်ပါတယ်။အသင်းရန်ပုံငွေဖြင့် ဆန်တစ်အိတ်ကို ကျပ် ၁၉၅ဝဝ သတ်မှတ်ပြီး အခုလ ၈ ရက်နေ့မှစတင်ဝယ်ယူသွားဖို့ စီစဉ်ထားပြီး ဆန်သား ၉ဝ နဲ့ အစိုဓာတ် ၁၄ ဒသမ ၅ ရှိတဲ့ ဆန်တွေကို ဝယ်ယူမှာဖြစ်တယ်လို့ ဆိုပါတယ်။လက်ရှိဥရောပသမဂ္ဂမှလည်း မြန်မာ့ဆန်လုံးရှည်ကို အခွန်ပြန်လည်ကောက်ခံနေပြီး နယ်စပ်တရုတ်ဈေးကွက် ကလည်း အဝယ်ကျဆင်းနေတာကြောင့် ပြည်တွင်းဆန်ဈေးကွက် ကျဆင်းလျက်ရှိတယ်လို့ သိရပါတယ်။

Source:https://www.facebook.com/SFJWeekly/?rf=230866780386636, SFJ Strategy First Journal

## Bitcoin တန်ဖိုးများ တဖန်ပြန်လည်မြင့်တက်လာ

ဒစ်ဂျစ်တယ် ငွေကြေးတစ်မျိုးဖြစ်တဲ့ Bitcoin တန်ဖိုးတွေကတော့ ဧပြီ ၂ ရက်က ၁၅ ရာခိုင်နှုန်းလောက် မြင့်တက်ခဲ့ပါတယ်။ ဒါ့အပြင် နိုဝင်ဘာလနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဒေါ်လာ ၅,ဝဝဝ လယ်ဗယ်အထက်ကို အချိန်ခဏအတွင်း ရောက်ရှိမြင့်တက်ခဲ့ပါတယ်။ခုချိန်မှာတော့ Bitcoin ပြန်လာပြီဆိုတဲ့ ခံစားမှုမျိုး တိုးပွားလာပြီ ဖြစ်တယ်လို့ deVere Group ရဲ့ တည်ထောင်သူနဲ့ အမှုဆောင်ချုပ် Nigel Green က အစီရင်ခံစာတစ်ရပ်မှာ ပြောပါတယ်။

ခုလို ပြဇာတ်ဆန်ဆန် တန်ဖိုးခုန်တက်လာမှုကြောင့် အဖွဲ့အစည်းလုပ်ငန်းအကြီးတွေ အပါအဝင် အရင်က ဘေးထွက်ထိုင်နေခဲ့တဲ့ ရင်းနှီးမြှုပ်နှံသူ အများအပြားကိုဆွဲဆောင်နိုင်ဖွယ် ရှိကြောင်း Green က ဆိုပါတယ်။ခုလို Bitcoin တန်ဖိုး အတက်အကျ မြန်ခြင်းက ပုံမှန်လို ဖြစ်တတ်တာကြောင့် လုံးလုံးလျားလျား အံ့အားသင့်စရာတော့ မလိုကြောင်း TF Global Markets (UK) Ltd က ဈေးကွက် သုတေသီ အရာရှိချုပ် Naeem Aslam ကလည်း ပြောပါတယ်။" Bitcoin ဆိုတာက တစ်နေ့တည်းနဲ့ ၂ဝ ရာခိုင်နှုန်းကျော်လောက် တန်ဖိုးတက်နိုင်တဲ့ ငွေကြေးအမျိုးအစားတစ်ခုဖြစ်ပါတယ်၊ ဒါမျိုးကို ၂ဝ၁၇ ကုန်ခါနီးလောက်တုန်းက တစ်ခါ မြင်ခဲ့ရပါသေးတယ်၊ ပြီးတော့ ဈေးနှုန်း ပြန်ကျသွားခဲ့တယ်လေ" လို့ ၎င်းက ပြောသွားပါတယ်။

Source:https://edition.cnn.com/.../i.../bitcoin-prices-today/index.html,SFJ Strategy First Journal

## ယခုနှစ် ကမ္ဘာ့စီးပွားရေးတိုးတက်မှု မူလမှန်းထားတာ ထက်တောင် နှေးကွေးမည်ဟု IMF အကြီးအကဲ ပြောဆို

ယခုနှစ် ၂ဝ၁၉ မှာ ကမ္ဘာ့စီးပွားရေး တိုးတက်မှုကတော့ အစောပိုင်းကနဦးတုန်းက မှန်းထားတာ ထက်တောင် ပိုမိုနှေးကွေးသွားဖို့ ရှိနေတယ်လို့ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ IMF ရဲ့ အကြီးအကဲ Christine Lagarde က ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။ သို့ပေမယ့်လည်း မရေမရာ အနေအထားနဲ့ စီးပွားရေးတိုးတက်မှု ပြန်တည့်မတ်လာမှုကိုတော့ ယခုနှစ်ကုန်ပိုင်းလောက်ကျမှ မြင်ရဖွယ် ရှိနေကြောင်းလည်း သူမက ပြောသွားပါတယ်။ လက်ရှိ ကမ္ဘာ့စီးပွားရေးကတော့ Brexit ၊ ကြွေးမြီမြင့်တက်မှု၊ ကုန်သွယ်ရေး တင်းမာမှုတွေ၊ ဘဏ္ဍာရေးဈေးကွက်တွေ လှုပ်ခတ်မှု တို့ကနေလာတဲ့ လှိုင်းဒဏ်တွေအောက် ကျရောက်ထားခဲ့ ရကြောင်း Lagarde က ထုတ်ဖော်ပြောပါတယ်။လာမယ့် သီတင်းပတ် ကမ္ဘာ့ဘဏ်နဲ့အကြား အထူး အစည်းအဝေးတစ်ရပ် ကျင်းပမှု မတိုင်ခင် IMF အကြီးအကဲက အထက်ပါအတိုင်း ကမ္ဘာ့စီးပွားရေးနဲ့ ပတ်သက်လို့ ထုတ်ဖော်သွားတာဖြစ်ပါတယ်။" ခုနှစ်ကုန်ပိုင်းမှာတော့ ကမ္ဘာ့စီးပွားရေး တိုးတက်မှုပိုင်းမှာ အကျ ဘက်ကနေ အတက်ဘက် ပြန်တက်လာမယ်လို့မျှော်လင့်ရပါတယ်၊ ဒါပေမယ့် ဒါကလည်း မရေရာလှ ပါဘူး" လို့ IMF အကြီးအကဲက ပြောသွားပါတယ်။ဒါ့အပြင် ကမ္ဘာ့စီးပွားရေးတိုးတက်မှု ခန့်မှန်းချက်တွေကို လာမယ့်အပတ်မှာ IMF အနေနဲ့ ထပ်မံလျှော့ချ ခန့်မှန်းထုတ်ပြန်သွားရဖို့လည်းရှိနေကြောင်း သူမက ဖြည့်စွက် ပြောသွားပါတယ်။

Source:https://www.channelnewsasia.com/.../precarious-global-rebound...,SFJ Strategy First Journal

## တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်တင်ပို့နိုင်ရေးအတွက် နှစ်နိုင်ငံစာချုပ်ပါ အချက်အလက်များနှင့်အညီဆောင်ရွက်နိုင်ရေးဆွေးနွေး

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်တင်ပို့နိုင်ရေး လုပ်ငန်းများကို စီစဉ်ဆောင်ရွက်လျက် ရှိရာ နှစ်နိုင်ငံလက်မှတ် ရေးထိုးထားသည့် စာချုပ်ပါအချက်အလက်များအား စနစ်တကျ ဆောင်ရွက်နိုင်ရေး တို့အတွက် စိုက်ပျိုးရေး ဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်၊ မြန်မာ့ကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်တို့မှ တာဝန်ရှိသူများ၏ တွေ့ဆုံ ဆွေးနွေးပွဲအား (၃.၄.၂၀၁၉) ရက်နေ့တွင် အသင်းချုပ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် စာချုပ်အရ တရုတ်နိုင်ငံသို့ တင်ပို့မည့်ဆန်များအား ကြိတ်ခွဲခြင်း၊ သိုလှောင်ခြင်း၊ တင်ပို့ခြင်းဆောင်ရွက်မည့် ကုမ္ပဏီများကို နှစ်စဉ် စိစစ်ရွေးချယ်တင်ပြရမည် ဖြစ်ပါသောကြောင့် သတ်မှတ်ထားသည့် စံချိန်စံညွှန်းအရည်အသွေးများ ပြည့်မီသည့် ဆန်စက်/သိုလှောင်ရုံများကို စိစစ်စစ်ဆေး တင်ပြနိုင်ရေးအတွက် မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှု လုပ်ငန်းလီမိတက်အား တာဝန်ပေးအပ် နိုင်ရေး၊ စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ပူးပေါင်းကူညီ ဆောင်ရွက် နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြပါသည်။

**Souce:https://www.facebook.com/SFJWeekly/posts/2347146978705914**

## မြန်မာ့ ကုန်ထုတ်လုပ်မှု မတ်လမှာလည်း အသင့်အတင့် တိုးတက်

မြန်မာနိုင်ငံရဲ့ ကုန်ထုတ်လုပ်မှု လုပ်ငန်းကဏ္ဍမှာတော့ ပြီးခဲ့တဲ့မတ်လအတွင်း အသင့်အတင့် တိုးတက်မှုတစ်ရပ် ရှိခဲ့တာကိုဖော်ညွှန်းပြသနေလျက် ရှိကြောင်း စစ်တမ်းတစ်ရပ်အရ သိရပါတယ်။ကုန်အမှာစာသစ်တွေ ရရှိမှုပိုင်းမှာ ဆက်လက်ဦးမော့နေမှု၊အလုပ်အကိုင်ခန့်ထားမှုပိုင်း ဆက်လက်တည်ငြိမ်နေမှုတို့ကြောင့် ခုလို အသင့်အတင့် တိုးတက်မှုကို ရရှိနေခဲ့တာဖြစ်တယ်လို့ သိရပါတယ်။Nikkei Myanmar Manufacturing Purchasing Managers' Index (PMI) အညွှန်းကိန်းမှာတော့ ဖေဖော်ဝါရီလက ၅၃.၁ ကနေပြီးခဲ့တဲ့ မတ်လ မှာ ၅၂.၄ ကို အနည်းငယ် ကျဆင်းသွားခဲ့တယ်လို့ သိရပါတယ်။

ဒါပေမယ့်လည်း အညွှန်းကိန်း ၅၀ အမှတ်ရဲ့ အထက် မှာတော့ ဆက်ထိန်းထားနိုင်လျက် ရှိပါတယ်။PMI အညွှန်းကိန်း ၅၀ အထက်ဆိုရင် ကုန်ထုတ်လုပ်မှု အားကောင်းတယ်၊ စီးပွားရေး တိုးတက်တယ်၊ ၅၀ အောက်ဆိုရင် ကုန်ထုတ်လုပ်မှု ကျဆင်းတယ်လို့ သတ်မှတ်ထားတာဖြစ်ပါတယ်။ယခု အဆိုပါ PMI အညွှန်းကိန်းအရဆိုရင် မြန်မာ့ကုန်ထုတ်လုပ်မှုကဏ္ဍရဲ့ မတ်လ တိုးတက်မှုက ဖေဖော်ဝါရီလနဲ့ ယှဉ်ရင်တော့ အနည်းငယ် ကျဆင်း သွားခဲ့တာဖြစ်ပါတယ်။

**Source:https://asia.nikkei.com/.../Myanmar-manufacturing-PMI-signals...,SFJ Strategy First Journal**

## ဝယ်လက်စုံနေခြင်းကြောင့် ရွှေသခွားမွှေးအရောင်းအဝယ် ကောင်းနေကာ ဈေးနှုန်းလည်း အမြင့်ပိုင်းတွင်ရှိနေ

ယခုရက်ပိုင်းအတွင်း မူဆယ်ဈေးကွက်သို့ သခွားမွှေးသီးနှံများ ယခင်နှစ်ထက် ပိုမိုဝင်ရောက်နေသော်လည်း တရုတ်ဝယ်လက်စုံနေသဖြင့် အရောင်းအဝယ် ကောင်းနေကာ ဈေးနှုန်းမှာလည်း အမြင့်ပိုင်းတွင် ရှိနေခြင်းကြောင့် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း မူဆယ်သစ်သီးဝလံကုန်စည်ဒိုင်မှ သိရသည်။ "ရွှေသခွားအဝင်က မနှစ်ကထက် ပိုများလာတယ်။ တရုတ်နိုင်ငံဘက်မှာစိုက်တဲ့အသီးကလည်း မပေါ်သေးဘူး။ ဧပြီလ ၂၀ ကျော်ရင်တော့ တရုတ် အသီးစပေါ်ပြီ။ လက်ရှိမှာတော့ ရွှေသခွားဈေးက အမြင့်ဈေးရောက်နေတယ်။ ဒီနှစ် ရွှေသခွားက မျိုးစေ့ရရှိမှု နောက်ကျတယ်။ မျိုးစေ့ ရရှိချိန်တူတော့ တပြိုင်တည်း အသီးပေါ်နေတာ ကားအစီးရေများတယ်။ ဝယ်လိုအား ကောင်းနေ လို့သာ ဈေးကောင်းရနေတာ။ ဒီနှစ်က သခွားရာသီ တစ်လလောက်နောက်ကျသွားတယ်။ ဧပြီလလယ်လောက်ဆို

တရုတ်ဝယ်လက်တွေက ပြန်ပြီ။ လက်ရှိမှာတော့ ဝယ်လက်စုံချိန်မို့နေ့စဉ် အသီးကုန်သည် ၇၀၀ ကျော်ရှိတယ်” ဟု ခွာညိုပွဲရုံမှ ဦးစိုင်းမင်းသူက မြန်မာတောင် သူကြီးများ ဂျာနယ်ကို ပြောသည်။

မူဆယ်သို့ ရွှေသခွားတင်ပို့မှုမှာ မတ်လ ၁၅ ရက်ကျော်မှ စတင်များပြားခဲ့ပြီး မတ်လ ၂၉ ရက်နေ့တွင် ရွှေသခွားအဝင် ကားစီးရေ ၃၀၀၊ ၈၅၅ ဖရဲ ကားစီးရေ ၁၀၀ ကျော်၊ ဖရဲဂျပ်ဖာသီး ကားစီးရေ ၂၀၀ ကျော်ထိ ဝင်ရောက်ခဲ့ကြောင်း မူဆယ်(၁၀၅) မိုင် ပွဲရုံများမှ သိရသည်။

ယခုနှစ် ရွှေသခွားစိုက်ပျိုးစရိတ်မှာ တစ်ဧကလျှင် ကျပ်သိန်း ၇၀ ကျော်ခန့် ကုန်ကျပြီး ယခင်နှစ်ထက် ကျပ်ခုနစ်သိန်းခန့် ပိုမိုကုန်ကျလာကြောင်း၊ ယခုနှစ် အသီးတင်ပို့ချိန် မတ်လကုန်ပိုင်းတွင် ရွှေသခွား ဝယ်လိုအား ကောင်းသဖြင့် တဖြည်းဖြည်း ဈေးတက်လာရာ ရွှေသခွားတစ်တန်လျှင် ယွမ် ၅၃၀၀-၅၄၀၀ ထိ ဈေးရရှိနေသည်။ “ဒီဇင်ဘာလ ၁၉ ရက်ကနေ စတင် စိုက်ပျိုးတဲ့ ရွှေသခွားအသီးတွေကတော့ တစ်ရက် ၂-၃ စီး စတင်ပို့နေပါပြီ။ ဧပြီလထဲမှာတော့ တစ်ရက် ကား ၁၀ စီးလောက် တင်ပို့ရမယ်။ ရွှေသခွားဈေးက တက်လာတယ်။ တစ်ကီလိုကို ၄ ဒသမ ၇ ယွမ်ကနေ ၄ ဒသမ ၉ ယွမ် ဈေးရတယ်။ ရှယ်သီးကတော့ ၅-၆ ယွမ် ထိရတယ်။ သခွားမွေးကတော့ ၄ ယွမ် ကျော် ၅ ယွမ်ပတ်လည်ဆိုရင် ဈေးကောင်းရတယ်ပြောရမှာပါ။ အသီးဂျပ်ဖာဖိုးအပါအဝင် တစ်ဧက ကျပ်သိန်း ၇၀ လောက်ကုန်တယ်။ မနှစ်ကထက် တစ်ဧကပျမ်းမျှ ကျပ် ခုနစ်သိန်းလောက် စရိတ်ပိုကုန်တယ်”ဟု ၎င်းက ပြောသည်။

မူဆယ်ဈေးကွက်တွင် မတ်လ ၂၈ ရက်နေ့တွင် ရွှေသခွား တစ်တန်လျှင် ယွမ် ၂၈၀၀-၅၃၀၀၊ ရွှေဖရဲသခွား တစ်တန်လျှင် ယွမ် ၃၀၀၀-၅၅၀၀၊ ပူးခုံးသခွား တစ်တန်လျှင် ယွမ် ၂၂၀၀-၄၃၀၀ ပေါက်ဈေးရှိပြီး ငွေလဲလှယ်နှုန်းမှာ တစ်ယွမ်လျှင် ၂၂၁ ကျပ် နှုန်းရှိကြောင်း သိရသည်။

**Source:**www.thefarmermedia.com

## ကသာဒေသထွက် မြစ်ကျွန်း ဖရဲသီးများ အထွက်နှုန်း ကောင်းကာ ရောင်းအားကောင်းနေ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ် ဒေသထွက် မြစ်ကျွန်းဖရဲသီးများ အထွက်နှုန်းကောင်းသည့်အပြင် ရောင်းအားလည်းကောင်းနေကာ တခြား ဒေသတွင်းမြို့နယ်များသို့ အများအပြား တင်ပို့ရောင်းချနေကြောင်း သိရသည်။ ကသာမြို့နယ်အတွင်းရှိ မြေနုကျွန်းကျေးရွာများတွင် မြစ်ကျွန်းဖရဲသီးများကို နိုဝင်ဘာလမှ စတင်စိုက်ပျိုးကာ မတ်လတွင် ခူးဆွတ်ရကြောင်း သိရသည်။

“တစ်ဧကခွဲကို ကားတစ်စီးစာအလုံးရေ ၁၄၂၀၀ ကျော်လောက်ထွက်တယ်။ အသီးအနေအထားကိုကြည့်ပြီး ဝယ်ယူသူတွေက စိုက်ခင်းထဲမှာ ဈေးဖြတ်ဝယ်ယူတယ်။ ကားတစ်စီးမှာ အသီးရေ အကြီးအသေးအလိုက် အလုံး ၁၅၀၀ လောက်ဆံ့တယ်။ ကားတစ်စီးကို ကျပ်သိန်း ၇၀ နဲ့ ကျပ်သိန်း ၉၀ ကြားလောက် တန်ဖိုးရှိတယ်။ အလုပ်သမားခ၊ ကုန်သွယ်ခွန်နဲ့ အခြားလိုအပ်တဲ့ ကုန်ကျစရိတ်တွေလည်း ရှိတယ်” ဟု ကသာမြို့နယ်၊ သံပုကုန်း ကျေးရွာမှ မြစ်ကျွန်းဖရဲစိုက်ပျိုးရောင်းချသူ ဦးထွန်းထွန်းက ပြောသည်။

ကသာမြို့နယ်ထွက် မြစ်ကျွန်းဖရဲသီးများ၏ စိုက်ခင်းအတွင်းပေါက်ဈေးမှာ အလုံးသန့်တစ်လုံးလျှင် ၁၅၀၀ ကျပ်မှ ၁၇၀၀ ကျပ်ကြားရှိပြီး ရန်ကုန်၊ မန္တလေး၊ ဗန်းမော်၊ မူဆယ်၊ လွယ်ကျယ်မြို့များသို့ တင်ပို့ပါက အရည်အသွေးပေါ်မူတည်၍ တစ်လုံးလျှင် ၄၅၀၀ ကျပ်မှ ၅၀၀၀ ကျပ်ခန့်ထိ ရရှိကြောင်း သိရသည်။

“စိုက်တဲ့သူတွေအတွက် ဒီနှစ်အကျိုးအမြတ် ဖြစ်ထွန်းပါတယ်။ ဒီနှစ်မှာ ဖရဲစိုက်သူတွေလည်းရှားတယ်။ ပြီးခဲ့တဲ့ နှစ်နှစ်၊ သုံးနှစ်ဆက်တိုက်ရှုံးခဲ့ပြီး အခင်းထဲမှာ ပစ်ထားရတဲ့အနေအထား ကြုံခဲ့ရတယ်။ တစ်လုံးမှ ၂၀၀ ကျပ်၊ ၃၀၀ ကျပ်ဈေးမျိုးတွေ ဖြစ်ခဲ့တာဆိုတော့ စိုက်သူနည်းသွားတယ်။ အခုချိန်ကတော့ ဈေးကောင်းရနေတယ် တရုတ်ပြည်မှာ စိုက်တဲ့ အသီးက သင်္ကြန်ပြီးလောက်မှပေါ်မှာ။ သူတို့ဆီမှာ ဒီအချိန်မပေါ်သေးဘူး။ ဒါ့ကြောင့် ဒီဘက်ကနေ တင်ပို့ရောင်းချနေရတာပါ” ဟု ကသာမြို့နယ်၊ ရပ်ကွက်(၈)မှ သီးနှံစိုက်ပျိုးတောင်သူ ဦးမြင့်သိန်းကပြောသည်။ ကသာမြို့နယ်တွင် ဒေသထွက် မြစ်ကျွန်းဖရဲသီးများကို သံပုကုန်းကျေးရွာ၊ သုံးဆယ်ဘေး ကျေးရွာတို့ရှိ ဆိပ်ကမ်းများမှ

မော်တော်ဖြင့် အခြားမြို့များသို့ တင်ပို့ရောင်းချလျက်ရှိနေကြောင်း သိရသည်။

**Source:**https://www.facebook.com/thefarmermedia/posts/2172033342910840?__tn__=K-R

## တရုတ်က ပုံမှန်ဝယ်ယူလေ့ရှိသော ငရုတ်အခြောက်များအပြင် အစိုများကိုပါဝယ်ယူလာ

တရုတ်ကုန်သည်များ အနေဖြင့် မြန်မာနိုင်ငံမှ ပုံမှန်ဝယ်ယူနေသော ငရုတ်ခြောက်များအပြင် ယခုနှစ်တွင် ငရုတ်အစို အမှည့်များကိုပါ ဝယ်ယူနေခြင်းကြောင့် စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း မြစ်သားမြို့နယ်ရှိ ငရုတ်ပွဲရုံများမှ သိရသည်။ "တရုတ်နိုင်ငံက အရင်က ငရုတ်ကို အခြောက်လောက်ဘဲ ဝယ်ယူတာများတယ်။ ဒီနှစ်မှာတော့ ထူးထူးခြားခြား အစိုအမှည့်တွေပါ ဝယ်ယူလာတယ်။ သူတို့နိုင်ငံကို အရင်က တင်သွင်းနေတဲ့ ဗီယက်နမ်၊ အိန္ဒိယနိုင်ငံ ဘက်ကို တင်သွင်းခွင့်ပိတ်ထားတဲ့အတွက် မြန်မာနိုင်ငံဘက်က ဝယ်ယူနေတာကြောင့် ဖြစ်ပါတယ်"ဟု အောဂမ်းပွဲရုံပိုင်ရှင် ဦးစိုးညွန့်က ပြောသည်။ တရုတ်နိုင်ငံက ဝယ်ယူနေသဖြင့် ငရုတ် တစ်ပိဿာ လက်ကား ဈေးနှုန်းများမှာ ငရုတ်အရှည် ၄၀၀၀ ကျပ်၊ ငရုတ် မိုးထောင် ၄၂၀၀ ကျပ်၊ အစိုအမှည့် ၁၄၀၀ ကျပ်အထိ ဈေးနှုန်းရရှိလျက်ရှိကြောင်း၊ လက်ရှိအနေအထားအရ ဆက်လက် ဝယ်ယူနေနိုင်သောကြောင့် ငရုတ်ဈေးနှုန်းမှာ ဆက်လက်ဈေးမြင့်တက်နိုင်မည့် အခြေအနေတွင် ရှိနေကြောင်း သိရသည်။ "ပြည်တွင်း ဈေးကွက်ကတော့ တရုတ် ဝယ်၊ မဝယ်ပေါ်မူတည်ပြီး ဈေးနှုန်းကအတက်အကျပြောင်းလဲနေတာ ဖြစ်ပါတယ်။

လက်ရှိမှာ ငရုတ်က ဧရာဝတီတိုင်းဒေသကြီးဘက်က အများဆုံးထွက်ရှိနေပြီး အရည်အသွေးကလည်း အဆင်ပြေနေတာကြောင့် စိုက်ပျိုးသူတွေ အဆင်ပြေကြပါတယ်"ဟု ၎င်းက ပြောသည်။ ယခုကဲ့သို့ ဈေးနှုန်းကောင်းများ ရေရှည်ရရှိရန်နှင့် ပြည်ပ တင်ပို့ခြင်းပိုင်း ဆိုင်ရာများကို စုပေါင်းလုပ်ကိုင်နိုင်ရန်အတွက် ခရိုင်အလိုက် ငရုတ်စိုက်ပျိုးထုတ်လုပ်သူများအစုအဖွဲ့ကို ဖွဲ့စည်းလျက်ရှိပြီး ခရိုင်အားလုံးဖွဲ့စည်းပြီးလျှင် တိုင်းဒေသကြီးအဆင့် အစုအဖွဲ့များကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

"ပြည်တွင်း ထုတ်လုပ်မှုပိုင်းမှာ ဈေးကွက်တိုးချဲ့နိုင်ရေးနဲ့ လုပ်ငန်းလိုအပ်ချက်တွေကို ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်ဖို့ မန္တလေးခရိုင်မှာ မတ်လ ၂၂ ရက်နေ့က အစုအဖွဲ့တစ်ခုကို စတင်ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။ အခုလို အစုအဖွဲ့ပေးလိုက်တဲ့အတွက်အသိပညာပေး လုပ်ငန်းတွေ စနစ်တကျဆောင်ရွက်နိုင်မှာဖြစ်ပါတယ်" ဟု စားသုံးသူရေးရာ ဦးစီးဌာန (မန္တလေး) မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မြင့်သန်းက ပြောသည်။ အဆိုပါအစုအဖွဲ့အနေဖြင့် စိုက်ပျိုးမှုများကို ထုတ်လုပ်ရာတွင် စားသုံးသူဘေးကင်းရေးအတွက် ထုတ်လုပ်တင်ပို့ရောင်းချရမည်ဟူသော လုပ်ငန်းစဉ်များအား ပူးပေါင်းပါဝင်ဆောင်ရွက်သွားရမည်ဖြစ်ခြင်းကြောင့် အရည်အသွေးပိုင်းဆိုင်ရာများကို ထိန်းသိမ်းစိုက်ပျိုးရတော့မည်ဖြစ်ကာ ရေရှည်ပြည်တွင်း၊ ပြည်ပ တင်ပို့ရောင်းချရာ၌ အဆင်ပြေလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Source:**https://www.facebook.com/thefarmermedia/posts/2172033342910840?__tn__=K-R

**Thefarmermedia**

## မူဆယ်သို့ တင်ပို့နေသော ပို့ကုန်သီးနှံနှင့် ပုပ်သိုးကုန်ကားများကို စစ်ဆေးရာ Green Channel ထားရှိဆောင်ရွက်မှသာ ကုန်စည်အရည်အသွေးပိုမိုကောင်းမွန်မည်

မန္တလေး-မူဆယ် ကုန်သွယ်မှု လမ်းကြောင်းမှ တင်ပို့နေသည့် မြန်မာ့ လယ်ယာ ထွက်ကုန်များအနက် ဖရဲ၊ သခွားနှင့် သီးနှံကုန်များတင်ဆောင်လာသည့် ကုန်ကားများနှင့် ရေထွက်ကုန် ကဏန်း၊ ငရှဉ့်တင်ပို့နေသည့် ကားများကို ဦးစားပေးစစ်ဆေးမှုများ ဆောင်ရွက်ပေးကာ လမ်းအသုံးပြုမှု ကောက်ခံရေးဂိတ်များတွင်လည်း Green Channel ထားရှိပြီး ဖြတ်သန်းခွင့်ရရှိစေရေး ဆောင်ရွက်ပေးပါက ကုန်စည်ပို့ဆောင်မှု ပိုမိုမြန်ဆန်လာမည်ဖြစ်ကြောင်း သိရသည်။

အိမ်နီးနိုင်ငံများတွင် နယ်စပ်ကုန် သွယ်မှုကို အဓိကအားထားကြပြီး ကုန်သွယ်မှု လမ်းကြောင်းများတွင် အသီးအနှံနှင့် အအေးခဲအသား ကားများ၊ ရေထွက် ကုန်ကားများကို ဦးစားပေးလမ်းတစ်ခုထားရှိကြောင်း၊ ဂိတ်များတွင်လည်း Green Line

ထားရှိကြောင်း၊ မူဆယ်ကုန်သွယ်ရေးလမ်း ကြောင်းပေါ်တွင်မူ စစ်ဆေးမှုများကို လူဖြင့်သာ စစ်ဆေးနေခြင်းကြောင့် အခက်အခဲများတွေ့နေကာ ခေတ်မီစက်များဖြင့် စစ်ဆေးရန် လိုအပ်နေကြောင်း ထို့အတွက် နိုင်ငံတော်မှ ပို့ကုန်မူဝါဒတစ်ခု ချမှတ် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ကုန်သည်များက ပြောသည်။"Green Channel လုပ်ပြီး အသီး အရည်အသွေး မကျဆင်းအောင် ဆောင်ရွက်နိုင်ရင် အရင်ကထက် ဈေးကောင်းရလာမှာပါ။ လူနဲ့စစ်ဆေးမှုတွေ စူးထိုးတာတွေက အသီးအရည်အသွေးကို ကျဆင်းစေပါတယ်။ လမ်းဂိတ်တွေမှာလည်း ဦးစားပေးလမ်းတစ်ခု ထားပေးဖို့လိုပါတယ်။ လူနဲ့ အသီးကားတွေကို လှန်လှောစစ်ဆေး နေမယ့်အစား ခေတ်မီစက်တွေ သုံးလိုက်ရင် ပိုမြန်လာပါမယ်"ဟု ခွာညိုသစ်သီးပွဲရုံပိုင်ရှင် ဦးစိုင်းခင်မောင်က ပြောသည်။

အစိုးရဌာနဆိုင်ရာ စစ်ဆေးမှု အနေဖြင့် တရားမဝင်ကုန်ပစ္စည်းသယ်ယူမှု မရှိရန် စစ်ဆေးမှုကို မန္တလေး (၁၆) မိုင်ဂိတ်တွင် အဓိကစစ်ဆေးပြီး အကောက်ခွန်ကိစ္စ အားလုံးကို မူဆယ် (၁၀၅) မိုင် ရောက်ရှိမှသာ ဆောင်ရွက်ကြောင်း၊ ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်စေရန် လမ်းအသုံးပြုခ ကောက်ခံသည့် ဂိတ်များတွင် ဦးစားပေးလမ်းများ ထားရှိပေးနိုင်ပါက ပိုမိုမြန်ဆန်လာမည်ဖြစ်ကြောင်း မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးသူက ပြောသည်။ "မန္တလေးကနေ မူဆယ်ထိက အစိုးရ ဌာနတွေ စစ်ဆေးမှု မရှိပါဘူး။ အသီးကားတွေကို စစ်ဆေးမှုက ၁၆ မိုင်ဂိတ်မှာသာ ကုန်ချိန်နဲ့ ပို့ကုန်အမျိုးအစား စစ်ဆေးတာလောက်ဘဲရှိပါတယ်။ Green Channel လုပ်ဖို့ဆိုတာက အပြည်ပြည်ဆိုင်ရာ အမြန်လမ်းတွေမှာ လုပ်သလိုဘဲ ကြိုတင်ပေးစနစ်နဲ့ Green Way လုပ်ပေး ထားရင် ရပါတယ်။

အထူးလမ်းတစ်ခုပေးထားရမယ်။ အခွန် ကိစ္စတွေ (၁၀၅) မိုင်ရောက်မှ ဆောင်ရွက်တာပါ။ လမ်းကြောင်းမှာ ဘာမှစစ်ဆေးတာ မရှိပါဘူး။ (၁၆) မိုင်မှာ စစ်ဆေးတာကလည်း တရားဝင်ကုန်စည် ဟုတ်၊ မဟုတ်ဘဲ စစ်တာပါ။ Green Way က လမ်းကြေး ကောက်ခံတဲ့ ကုမ္ပဏီက စနစ်တစ်ခုနဲ့ ဆောင်ရွက်ရမှာပါ။ အခုက ဦးစားပေးလမ်း မရှိသေးဘူး။ ဂိတ်ဖွဲ့စည်းပုံတွေပြင်မှ လုပ်လို့ရမယ်။ စီးပွားကူးသန်းကနေ ပို့ကုန်လိုင် စင်တွေကို အများကြီးလျှော့ချထားပါတယ်။ ပို့ကုန်အခွန် နှစ်ရာခိုင်နှုန်း ဆောင်တာရယ်၊အကောက်ခွန်ဂျူတီဆောင်တာရယ် နှစ်ခုဘဲရှိတော့တာ" ဟု ၎င်းက ပြောသည်။

မန္တလေး-မူဆယ်လမ်းမကြီး လမ်းအသုံးပြုခပေးဆောင်ရာတွင် ပို့ကုန်ကား များအတွက် အချိန်ကျန့်ကြာမှုမရှိစေရန် တစ်နေရာတည်းမှ ဂိတ်အားလုံးအတွက် ကြိုပေးစနစ်ထားရှိကြောင်း၊ Green Channel ဖော်ဆောင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနက ဆောင်ရွက်အကောင်အထည်ဖော်မည်ဆိုပါက ပူးပေါင်းဆောင်ရွက်ရန် အဆင်သင့်ရှိကြောင်း Oriental Highway Co.,Ltd မှရိုက်တာ ဦးမောင်ကျေးက ပြောသည်။ " Green Channel လုပ်ဖို့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေက ပူးပေါင်းဆောင်ရွက်ရင် ကျွန်တော်တို့က လိုလိုလားလားပူးပေါင်းဆောင်ရွက် ပေးသွားပါ့မယ်။ လမ်းအသုံးပြုခ ပေးဆောင်ရာမှာ အချိန်ကုန် သက်သာအောင် တစ်လမ်းလုံးအတွက်ကို တစ်နေရာတည်းမှာ ပေးဆောင်နိုင်အောင် ဆောင်ရွက်ပေးပါတယ်။ မိုင်အကွာအဝေးအရ လမ်းမှာ မြို့တွေရှိသေးတာကြောင့်၊ လမ်းမှာတင်နိုင်ချ သေးတာကြောင့် လမ်းမှာ ပြန်စစ်ဆေးမှုအနေနဲ့ နှစ်နေရာလောက်မှာကတ္တားပြန်ချိန်တာပါ"ဟု ၎င်းက ပြောသည်။

**Source:**https://www.facebook.com/thefarmermedia/posts/2176566769124164

**thefarmermedia**

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 5th Apr. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,700 | 8,700 | 8,700 | 1,404 | 12,214,800 | 27,112,747 | 235,881 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,900 | 2,900 | 2,850 | 1,750 | 4,995,000 | 38,929,150 | |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 369.72 | -0.14 | -0.04% | 371.29 | 371.29 | 369.72 | 4,464 | 43,931,800 | 5 | 504,757 |

### Index chart





## Market Overview

As of 1:00 pm, 5th Apr. 2019

| MYANPIX | 369.72 ▼0.14 |
|---|---|
| Total Volume (shares) | 4,464 |
| Total Value (MMK) | 44 mil |
| Listed Company | 5 |
| Market Cap. (MMK) | 504,757 mil |

MYANPIX




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 7,200 | ▲ 100 |
| FPB | 00004 | 20,500 | ▼ 500 |
| TMH | 00005 | 2,650 | ▲ 0 |